Message Four

# သေတ္တာတော်နှင့် တဲတော်၏ သမိုင်းကြောင်း

ဖတ်ရန်ကျမ်း။ ။ ၁ရှမွေလ၊ ၄း၁ – ၇း ၂

**I. ခရစ်တော်သည် ကျွန်ုပ်တို့ကို ရယူတော်မူခဲ့သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားနှင့်လူတို့၏ အပြန်အလှန်နေထိုင်ရာ အသက်ရှင်သော ဘုရားသခင်၏ အိမ်တော်ဖြစ်သည့် ဘုရားသခင်၏တဲတော်တည်းဟူသော အသင်းတော်၏စစ်မှန်ခြင်းဖြစ်သော စုပေါင်းထားသည့် ဘုရား–လူဖြစ်လာရန် ဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ တည်ဆောက်ရန်နှင့် ကျွန်ုပ်တို့ကို ကိုယ်တော်အထဲသို့ တည်ဆောက်ခြင်းရှိနိုင်ရန်အလို့ငှာ ကိုယ်တော့်ကို ကျွန်ုပ်တို့ အမြတ်ရယူနိုင်မည် ဖြစ်သည် – ဖိ၊၃း၈၊၁၂–၁၄။ ယော၊၁း၁၄။ ဗျာ၊၂၁း၂–၃။ ၇း၁၅။ ၁တိ၊၃း၁၅။ ယော၊၁၄း၂၊ ၂၃။**

**II. ခရစ်တော် ကိုယ်ခန္ဓာတော်၏စစ်မှန်ခြင်းအထဲသို့ ဝင်ရောက်ရန်အလို့ငှာ သေတ္တာတော်၏ ပင်ကိုမူလပုံဆောင်ချက်ကို ကျွန်ုပ်တို့မြင်ရမည်။**

က။ သေတ္တာတော်သည် မြေကြီးပေါ် ကိုယ်တော်၏နိုင်ငံတော်ကို တည်ထောင်နိုင်ရန် ကိုယ်တော်၏စီမံကိန်းကို သယ်ဆောင်ရန်အတွက် ကိုယ်တော်၏လူမျိုးနှင့်အတူရှိသော သုံးပါးတစ်ပါးဘုရား၏ မျက်မှောက်တော်တည်းဟူသော ခရစ်တော်ကို ပုံဆောင်သည် – မ၊၁း ၂၃။

ခ။ သေတ္တာတော်သည် တဲတော်၏ပါဝင်သောအရာနှင့်အချက်အချာဖြစ်ပြီး၊ အသင်းတော်၏ပါဝင်ခြင်းနှင့် အလယ်ဗဟိုဖြစ်သော ခရစ်တော်ကို ပုံဆောင်သည်။ သေတ္တာတော်သည် တဲတော် ရှုပါရုံတွင် ပထမဆုံးဖော်ပြထားသော ပစ္စည်းဖြစ်ခြင်းမှာ ခရစ်တော်သည် အသင်းတော်၌ အထူးမြတ်ဆုံးသော နေရာကို သိမ်းပိုက်ထားကြောင်း ဖော်ပြခြင်းဖြစ်သည် – ထွ၊ ၂၅း ၂၂။ ကော၊ ၁း၁၇ခ။ ၁၈ခ။

၁။ သေတ္တာတွင် ဘုရားသခင်၏ သက်သေခံချက်၊ ထင်ရှားခြင်းနှင့် ဘုရားသခင်သည် အဘယ်သူဖြစ်သည်ကို ဖွင့်ပြသော ပညတ်တရား၏ကျောက်ပြားများပါရှိသည် – ထွ၊ ၂၅း၁၆။ ၃၁း၁၈။

၂။ သေတ္တာတော်သည် အသန့်ရှင်းဆုံး ဌာနတွင်ရှိခြင်းမှာ ခရစ်တော်သည် ဘုရားသခင်ကိန်းဝပ်ရာနေရာ အသင်းတော်၏ အလယ်ဗဟို(ဧ၊ ၂း ၂၁–၂၂)နှင့် ဘုရားသခင်၏ အိမ်တော်တည်းဟူသော အသင်းတော်၏ပါဝင်သောအရာ ဖြစ်ကြောင်းကို ပုံဆောင်သည် (၁တိ၊၃း၁၅–၁၆။ ညွှန်း၊ ၁ရှမွေ၊၄း ၂၂။ ဗျာ၊၃း ၂၀)။

ဂ။ ရွှေဖြင့်မွမ်းမံထားသော အကာရှသစ်သား သေတ္တာတော်သည် ဘုရားသခင်၏ကိုယ်ထင်ရှားခြင်းအဖြစ်သော်လည်းကောင်း၊ ဘုရားဇာတိနှင့် လူသားဇာတိ ရောနှောပေါင်းစည်းခြင်းအဖြစ်သော်လည်းကောင်း၊ လူနှင့်အတူ ဘုရားသခင်၏ တည်ဆောက်ခြင်းအဖြစ်သော်လည်းကောင်း ဘုရားသခင်ကို ဆက်သွယ်ရန်နှင့် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့ဝိညာဉ်၌ ကိန်းဝပ်တော်မူသော နယူမက်တစ်ခရစ်တော်ကို ပုံဆောင်သည် – ၂တိ၊၄း ၂၂။ ၂ကော၊၃း၁၇။ ကော၊ ၂၉။ ဟေဗြဲ၊ ၉း၄။

၁။ အကာရှသစ်သားသည် ဘုရားသခင်၏ထင်ရှားခြင်းအတွက် အခြေခံဒြပ်သဘာဝအဖြစ် ဝိသေသလက္ခဏာ၌ သန့်စွမ်း၍ အဆင့်အတန်း၌ မြင့်မားသော ခရစ်တော်၏လူသားဇာတိကို ပုံဆောင်သည် – ထွ၊၂၅း၁၀။ မ၊၃း၁၆။ ၄း၄။ ၈း ၂၀။ ၉း၁၂–၁၃။ ၁၁း ၂၉။ ၁၂း၁၉–၂၀။ ၁၇း ၂၇။ ၂၀း ၂၈။ ၂၇း၁၂၊ ၁၄။ မာ၊၁း၃၅။ ၆း၃၉–၄၁။ ယော၊ ၆း၁၂။ ၇း၆။ ညွှန်း၊ တ၊၁၆း၇။

၂။ အကာရှသစ်သားသည် အတွင်းနှင့်အပြင်ကို ရွှေဖြင့် မွမ်းမံထားခြင်းသည် ဘုရားဆိုင်ရာ သဘောသဘာဝသည် လူသားသဘောသဘာဝကို ထိုးဖောက်ဝင်ရောက်ပြီး လူသားသဘောသဘာဝတွင် နားနေခြင်းကို ပုံဆောင်သည်။ သို့မှသာ ၎င်းသည် လူသားသဘောသဘောဝအားဖြင့် ထင်ရှားနိုင်မည်ဖြစ်သည် – ထွ၊ ၂၅း၁၁။ ဗျာ၊၃း၁၈က။ ၂ပေ၊၁း၄။ ညွှန်း၊ ဗျာ၊ ၁၇း၄။

ဃ။ သေတ္တာ၏ အပြစ်ဖုံးအုပ်ရာအဖုံးသည် ဘုရားသခင်သည် သူ၏ရွေးနုတ်ခံလူတို့နှင့်တွေ့ဆုံ၍ ကျေးဇူးတော်၌ သူတို့ကို စကားပြောဆိုရာနေရာဖြစ်သော ခရစ်တော်ကို ပုံဆောင်သည် – ထွ၊ ၂၅း၁၇–၂၂။

၁။ ခရစ်တော်သည် အပြစ်ကျေအေးပေးတော်မူသောအရှင် (ဟေဗြဲ၊ ၂း၁၇)၊ မိမိကိုယ်တော်တိုင်ကို အပြစ်ကျေအေးစရာအဖြစ် ပူဇော်ခြင်းမှတစ်ဆင့် ဘုရားသခင်၏တောင်းဆိုမှုကို ကျေနပ်စေခြင်းအားဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် သင့်မြတ်စေသောအရှင် ဖြစ်သည် (၁ယော၊ ၂း၂။ ၄း၁၀)။

၂။ ခရစ်တော်သည် သူ၏ဘုရားဇာတိ၏ ထွန်းလင်းတောက်ပမှုနှင့် သူ၏လူသားဇာတိကို ရွေးနုတ်ခြင်းနှင့်အတူ အပြစ်ဖုံး

အုပ်ရာအဖုံး၊ ဘုရားသခင်ရှေ့တော်တွင် အပြစ်ကျေအေးပေးခြင်းကို မွေ့လျော်ဝမ်းမြောက်ရာနေရာ၊ ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဘုန်းကြီးတော်မူသော ဘုရားသခင်နှင့်တွေ့ဆုံ၍ မိတ်သဟာယဖွဲ့နိုင်ပြီး ကိုယ်တော်အား ကျေးဇူးတော်အဖြစ် လက်ခံရရှိနိုင်သောနေရာလည်း ဖြစ်သည် – ရော၊၃း၂၅။ ဟေဗြဲ၊ ၄း၁၆။

က။ အပြစ်ကျေအေးရာအဖုံးပေါ် ရွှေခေရုဗိမ်နှစ်ပါးရှိခြင်းမှာ ခရစ်တော်မှ ထွန်းလင်းထွက်ပေါ်လာသော ဘုရားသခင်၏ ဘုန်းတော်ကို ရည်ညွှန်းသည် (ထွ၊၂၅း၁၈–၁၉)။ အပြစ်ကျေအေးရာယဇ်၏ အသွေးကို သေတ္တာ၏ အပြစ်ကျေအေးရာအဖုံးပေါ်တွင် ဖျန်းခြင်းမှာ ခရစ်တော်၏ ရွေးနုတ်ခြင်းအသွေးတော်ကြောင့် ကိုယ်တော်၏ ဘုန်းတော်အလယ်တွင် ဖြောင့်မတ်သော ဘုရားသခင်နှင့် မိတ်သဟာယရှိနိုင်ကြောင်း(ဝတ်၊ ၁၆း၁၄–၁၅)ကို ရည်ညွှန်းသည်။

ခ။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် တွေ့ဆုံပြီး ကျွန်ုပ်တို့နှင့် စကားပြောလေလေ၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့တွေ့ဆုံပြီး ကိုယ်တော် စကားတော်ကို နားထောင်လေလေ ကျွန်ုပ်တို့၏ အတွေ့အကြုံတွင် ဘုရားသခင်၏ သက်သေခံချက် ပိုများလေလေဖြစ်သည်။

**III. သေတ္တာတော်နှင့် တဲတော်၏ သမိုင်းသည် ဘုရားသခင့် စိတ်နှလုံးတော်၏ အလိုဆန္ဒ၊ အသင်းတော်၏ ပျက်စီးယိုယွင်းခြင်းနှင့် ဘုရားသခင်၏ သက်သေခံချက်အတွက် အသင်းတော်ကို ပြန်လည်ရယူခြင်းတို့ကို ပုံဖော်ထားသည် – ထွ၊ ၂၅း၉–၁၀။ ၂၆း၂၆–၃၀။ ၄၀း၃၈။**

က။ တဲတော်၏ အချက်အချာနှင့် ပါဝင်သောအရာအဖြစ် သေတ္တာတော်သည် ဘုရားသခင်၏ စုပေါင်းထင်ရှားခြင်းအတွက် ဘုရားသခင်၏ တဲတော်၊ ဘုရားသခင်၏ အိမ်တော်တည်းဟူသော အသင်းတော်၏ ပါဝင်သောအရာနှင့် အချက်အချာဖြစ်သော ခရစ်တော်ကို ရည်ညွှန်းသည် – ၂၅း၂၂။ ၄၀း၂၁။ ကော၊၂း၉။ ဧ၊၂း၂၁–၂၂။ ၁တိ၊၃း၁၅။

ခ။ ၎င်းသမိုင်းကြောင်း၏ ပထမအဆင့်၌ သေတ္တာတော်သည် တဲတော်ထဲတွင် ရှိခဲ့သည်။ ဤသည်မှာ ပုံမှန်သင့်လျော်သည့် အသင်းတော်သည် ခရစ်တော်၏ ထင်ရှားခြင်းဖြစ်ကာ၊ ခရစ်တော်သည် အသင်းတော်၏ ပါဝင်သောအရာဖြစ်သည်ကို ရည်ညွှန်းခြင်းဖြစ်သည်။ သို့သော်လည်း နောက်ဆုံးတွင် သေတ္တာတော်သည် တဲတော်မှ ခွဲထုတ်ခဲ့သည်။ ဤသည်မှာ အသင်းတော်သည် ကျဆင်းသွားကာ ခရစ်တော်၏ စစ်မှန်ခြင်းနှင့် မျက်မှောက်တော် ဆုံးရှုံးခဲ့သည်ကို ရည်ညွှန်းသည် – ထွ၊၄၀း၃၄–၃၅။ ၁ရှမွေ၊၄း၁–၇း၂။

ဂ။ သေတ္တာတော်သည် မြေကြီးပေါ်တွင် ကိုယ်တော်၏ နိုင်ငံတော်ကို တည်ထောင်ရန်အတွက် ကိုယ်တော်၏ စီမံကိန်းကို သယ်ဆောင်ရန် ကိုယ်တော်၏ လူမျိုးနှင့်အတူရှိသော သုံးပါးတစ်ပါးဘုရား၏ မျက်မှောက်တော်နှင့် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သော ခရစ်တော်ကို ပုံဆောင်သည် (ယော၊၃း၃၊ ၁၀–၁၇)။ သေတ္တာတော်ကို ထုတ်ဆောင်ခြင်းမှာ ဘုရားသခင်၏ မျက်မှောက်တော်ကို ထုတ်ဆောင်ခြင်းအား ရည်ညွှန်းသည် (စာရင်း၊ ၁၀း၃၃–၃၆။ ၁ရှမွေ၊၄း၃–၄)။

ဃ။ သေတ္တာတော်၏ ရွှေ့လျားမှုသည် ခရစ်တော်၌ ကိုယ်တော်၏ ကိုယ်ထင်ရှားခြင်းအဖြစ် မြေကြီးပေါ် ဘုရးသခင်၏ လှုပ်ရှားမှု ရုပ်ပုံကားချပ်ဖြစ်သည် (ဆာ၊ ၆၈း၁–၁၈)။ သို့ရာတွင် အစ္စရေးတို့သည် ဖိလိတ္တိလူတို့နှင့် တိုက်ခိုက်နေစဉ်တွင် ဘုရားသခင်သည် လှုပ်ရှားတော်မူရန် ရည်ရွယ်ခြင်း မရှိခဲ့ပေ။

င။ အစ္စရေးအမျိုးသားတို့သည် ဘုရားသခင်၏ စီမံကိန်းအတွက် စဉ်းစားခြင်း သို့မဟုတ် ပူပန်ခြင်းမရှိဘဲ၊ ဖိလိတ္တိလူတို့ကို စစ်တိုက်ရန် သေတ္တာတော်ကို ထုတ်ဆောင်ခြင်းမှာ သူတို့သည် သူတို့ဘေးကင်းမှု၊ ငြိမ်သက်မှု၊ နားခိုမှုနှင့် အကျိုးအမြတ်အတွက် သွားရန် ဘုရားသခင်ကို သိမ်းယူခြင်းနှင့် ခိုင်းစေခြင်းပင် ဖြစ်ကြောင်း ရည်ညွှန်းသည်။

စ။ အလေ့အလာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စီမံကိန်းကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကျွန်ုပ်တို့၏ ကြွယ်ဝချမ်းသာမှုအတွက် ဆုတောင်းသည့်အခါတိုင်း ထိုနည်းတူပင်ဖြစ်သည်။ ဘုရားသခင်ကို သိမ်းယူမည့်အစား ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၊ အသက်ရှင်ခြင်း ဘုရားသခင်၏ စိတ်နှလုံးတော်နှင့် ကိုယ်တော်၏ စီမံကိန်းအတွက် လိုက်လျောညီထွေရှိသော ရှမွေလကဲ့သို့သောသူများဖြစ်ရမည်။

ဆ။ ယနေ့ လူတို့သည် ဘုရားသခင်၏ သက်သေခံချက်ကို လူသား၏ လိုအပ်ချက်နှင့် အစားထိုးနေကြသည်။ လူသားတို့၏ လိုအပ်ချက်သည် ဘုရားသခင်၏ သက်သေခံချက်ကို အစားထိုးသောအခါ ဆုတ်ယုတ်မှု စတင်ပြီး ပြဿနာများ ပေါ်ပေါက်လာမည် ဖြစ်သည်။ သေတ္တာတော်သည် ဘုရားသခင်၏ သေတ္တာတော် (၁ရှမွေ၊၄း၁၁၊ ၁၃၊ ၁၇၊ ၁၉၊ ၂၁–၂၂) ဖြစ်သည်သာမက၊ သက်သေခံချက် သေတ္တာလည်း ဖြစ်သည် (ထွ၊၂၅း၂၂။ ၄၀း၂၁)။

ဇ။ အစ္စရေးသည် နောင်တရ၍၊ အကုန်အစင် ဝန်ချတောင်းပန်ပြီး သူတို့၏ ရုပ်တုများမှ ဘုရားသခင်ထံသို့ လှည့်ပြန်လာကာ သူတို့အား ကိုယ်တော် အဘယ်အရာကို လုပ်ဆောင်စေလိုကြောင်း တောင်းလျှောက်ရမည်။

ဈ။ ယင်းအစား ဘုရားသခင်၏ အလိုတော် သို့မဟုတ် ကိုယ်တော်၏ ထာဝရစီမံကိန်းအတွက် စိတ်နှလုံးမရှိကြဘဲ၊ သူတို့သည် သေတ္တာတော် ရွှေ့လျားခြင်းဖြင့် တွေ့ကြုံခဲ့ရသည်၊ သူတို့၏ အတိတ်က အောင်ပွဲများကို အခြေခံ၍ သေတ္တာကို ယုံကြည်ရန်

၎င်းတို့၏ အစွဲအလမ်းကြီးခြင်းကို လေ့ကျင့်လုပ်ဆောင်ခဲ့သည်။

ည။ အစ္စရေးတို့၏ ယိုယွင်းကျဆင်းခြင်းကြောင့် သေတ္တာကို ဖိလိတ္တိလူများက သိမ်းပိုက်သွားပြီး၊ တဲတော်မှ ခွဲထုတ်လိုက်ရာ တဲတော်သည် စစ်မှန်ခြင်း၊ မှန်ကန်သင့်လျော်သော ပါဝင်သောအကြောင်းအရာမပါဘဲ ဗလာအခွံသာ ကျန်ရစ်စေခဲ့သည် (၁ရှမွေ၊၄း၁၁ – ၆း၁)။ ဤသည်မှာ ၎င်းသမိုင်းကြောင်း၏ ဒုတိယအဆင့်၌ အသင်းတော်သည် ယိုယွင်းကျဆင်းခဲ့ကာ စစ်မှန်ခြင်းနှင့် ခရစ်တော်၏ မျက်မှောက်တော် ဆုံးရှုံးခဲ့သည်ကို ရည်ညွှန်းသည် (အခန်း၊ ၃–၄။ ဗျာ၊ ၃း၂၀)။

ဋ။ သူတို့၏ ယိုယွင်းကျဆင်းခြင်း၌ အစ္စရေးအမျိုးသားတို့သည် ဘုရားသခင်ကို တိုက်ရိုက် မယုံကြည်သောကြောင့် စဉ်းစားဉာဏ်မဲ့ခဲ့ကြသည်။ ထိုအစား သူတို့သည် ဘုရားသခင် စီမံထားသော နည်းစနစ်ကို ကိုးစားခဲ့သည်။ ဘုရားသခင်၏ သေတ္တာတော်ကို တဲတော်မှ မထုတ်ဆောင်မီ ယေရိခေါမြို့တွင် ယောရှုပြုသည်နည်းတူ ဘုရားသခင်နှင့် စစ်ဆေးသင့်သည် (ယော၊၆း၂–၄။ ညွှန်း၊ ၉း၁၄)။

ဌ။ ကျွန်ုပ်တို့သည် မိမိတို့ဝိညာဉ်၏နက်နဲရာမှ သခင်ဘုရားအား “သခင်ဘုရား၊ ကျွန်ုပ်သည် ဤမြေကြီးပေါ်တွင် ကျွန်ုပ်၏ ကျန်းမာရေး၊ ကျွန်ုပ်၏ ကြွယ်ဝချမ်းသာမှု၊ ကျွန်ုပ်၏ လုံခြုံမှု၊ ကျွန်ုပ်၏ ငြိမ်းချမ်းမှု၊ ကျွန်ုပ်၏ နားခိုခြင်းနှင့် အကျိုးအမြတ်အတွက် ရှိနေခြင်းမဟုတ်ပါ။ ကိုယ်တော်၏ စီမံကိန်း ပြည့်စုံစေရန်အတွက် ကိုယ်တော်နှင့် ပူးပေါင်းဆောင်ရွက်သည့် အမှန်အောင်မြင်သော နာဇရိလူဖြစ်လိုပါ၏။ ကျွန်ုပ်နှင့် စပ်လျဉ်း၍ ကိုယ်တော်၏စိတ်နှလုံးထဲတွင် အဘယ်အရာရှိပါ သနည်း” ဟုပြောသင့်သည် – ၁ရှမွေ၊၂း၃၀ခ၊ ၃၅။ စာရင်း၊ ၆း၁–၉။ ညွှန်း၊ ၁၃ဘုရင်၊ ဂး၄၈။ ယော၊ ၃၂း၃၉။

ဍ။ သူတို့၏ ယိုယွင်းကျဆင်းသွားခြင်း၌ အစ္စရေးအမျိုးသားတို့သည် ဘုရားသခင်ကို အဆုံးစွန်ထိ ပြစ်မှားခဲ့ကာ၊ ဘုရားသခင်သည် သူတို့အား စွန့်ပစ်ခဲ့သည်။ နောက်ဆုံးတွင် သေတ္တာသည် အစ္စရေးအမျိုးသားတို့ကို ကယ်တင်ရမည့်အစား၊ သေတ္တာသည် သိမ်းပိုက်ခံရပြီး ဘုရားသခင်၏ ဘုန်းတော်သည် အစ္စရေးထံမှ ထွက်သွားခဲ့သည် (၁ရှမွေ၊၂း၃၀၊ ၃၄။ ၄း၁၀–၁၈၊ ၂၂။ ဆာ၊ ၇၈း၆၁)။ “သေတ္တာ မရှိခြင်း”သည် “ခရစ်တော် မရှိခြင်း”ဖြစ်ပြီး၊ “ခရစ်တော် မရှိခြင်း”သည် *ဘုန်းမရှိ* ဟု ဆိုလိုသော “ဣခဗုဒ်”မရှိခြင်း ဖြစ်သည် – ၁ရှမွေ၊၄း၂၁–၂၂။ ဗျာ၊၃း၂၀။

**IV. နောက်ပိုင်း သေတ္တာကို ပြန်လည်ရရှိပြီး ကိရယတ်–ယာရိမ်မြို့ အမိနဒပ်အိမ်၌ ဦးစွာပို့ဆောင်ကာ၊ ထိုနေရာတွင် အနှစ်နှစ်ဆယ်ကြာ ရှိခဲ့သည် (၁ရှ၊ ၆း၂–၇း၂)။ ထို့နောက် ဂိတ္တိလူဩဗဒေဒုံအိမ်၌ သုံးလပတ်လုံးရှိခဲ့သည် (၂ရှမွေ၊ ၆း၁–၁၁။ ညွှန်း၊ ၁ရှမွေ၊၁း၂၄။ ယောရှု၊၁ဂး၁)။ ဤသည်မှာ ဒုတိယရာစုမှစတင်၍ သခင်ဘုရားမျက်မှောက်တော် (သေတ္တာတော်)ရှိသော်လည်း ခရစ်တော်၏ထင်ရှားခြင် (တဲတော်)တည်းဟူသော မှန်ကန်သင့်လျော်သော အသင်းတော်အသက်တာမရှိသော “ဩဗဒေဒုံ” အရေအတွက် တိုးပွားလာကြောင်း ညွှန်ပြနေသည်။**

**V. ဒါဝိဒ်သည် သေတ္တာတော်ကို ဩဗဒေဒုံအိမ်မှ ယေရုရှင်လင်မြို့ ရွေးချယ်သောနေရာ ဇိအုန်တောင် မိမိမြို့၌ သူပြင်ဆင်ထားသော တဲသို့ ရွှေ့ပြောင်းခဲ့သည် (၂ရှမွေ၊၆း၁၂–၁၉။ ၁ရာ၊ ၁၅း၁–၁၆း၁)။ ဤသည်မှာ တိုးတက်သော အခြေအနေဖြစ်သည်၊ သို့သော် သေတ္တာသည် တဲတော်သို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးသောကြောင့် မလျော်ကန်သောနေရာတွင် ရှိနေဆဲဖြစ်သည်။**

က။ ဤအခြေအနေသည် ဒါဝိဒ်ကဲ့သို့ ဘုရားသခင်၏ စိတ်ဝင်ရှားမှုကို ဂရုစိုက်သော အခြားယုံကြည်သူများသည် ဘုရားသခင်၏ ဖွင့်ပြခြင်းအတိုင်းမဟုတ်ဘဲ၊ သူတို့၏ကိုယ်ပိုင်ရွေးချယ်ရာအတိုင်း အသင်းတော်အသက်တာကို လေ့ကျင့်လုပ်ဆောင်ရန် ကြိုးပမ်းခဲ့သည်ကို ရည်ညွှန်းသည်။

ခ။ ဤယုံကြည်သူများသည် ခရစ်တော်ရှိသော်လည်း၊ သူတို့သည် ကိုယ်တော်ကို သင့်လျော်မှန်ကန်မှုမရှိသည့် အသင်းတော်အသက်တာ၏ အလေ့အထဖြင့် ရရှိခြင်းဖြစ်သည် (ယေရုရှလင်မြို့ရှိ ဒါဝိဒ်၏တဲဖြင့် ပုံဆောင်သည်) – ညွှန်း၊ ၁ဘုရင်၊၃း၃–၁၅။

**VI. နောက်ဆုံးတွင် ရှောလမုန်သည် ယေရုရှလင်မြို့၌ ဗိမာန်တော်တည်ဆောက်မှုပြီးနောက် သေတ္တာကို ပုံမှန်အခြေအနေအတိုင်း အပြည့်အဝ ပြန်လည်ကောင်းမွန်လာစေရန် ဗိမာန်တော်ရှိအသန့်ရှင်းဆုံးဌာနသို့ ပြောင်းရွှေ့ခဲ့သည်။ ယနေ့ ကိုယ်တော်၏ပြန်လည်ရယူခြင်းတွင် သခင်ဘုရားသည် ကိုယ်တော်၏ထင်ရှားခြင်းအတွက် ခရစ်တော်ကိုယ်ခန္ဓာတော်၏ ပုံမှန်အခြေအနေအား ပြန်လည်ရယူရန် လုပ်ဆောင်နေသည် – ဂး၁–၁၁။ ၉၊၂း၂၁–၂၂။ ၃း၁၆–၂၁။**

**VII. သေတ္တာနှင့် တဲတော်၏ သမိုင်းသည် အသင်းတော်သမိုင်း၏ ရှေ့ပြေးဖြစ်ပြီး၊ ကျွန်ုပ်တို့အား အသင်းတော်၏ လမ်းစဉ်နှင့် အခြေအနေအပြည့်အစုံကို အစမှ ယနေ့အချိန်အထိ ဖော်ပြထားသည်။ ဤသမိုင်းကြောင်း၏ အဓိက ရှုထောင့်ငါးခုရှိသည်။**

က။ ပထမ အခြေအနေမှာ ခရစ်တော်ရှိသော အသင်းတော်ဖြစ်သည်။ ၎င်းကို တဲတော်အတွင်းရှိ သေတ္တာဖြင့် ပုံဆောင်ထားသည်။ သေတ္တာသည် ပါဝင်သောအကြောင်းအရာဖြစ်၍၊ တဲတော်သည် ၎င်း၏ထင်ရှားခြင်း ဖြစ်သည်။ ဤသည်မှာ အသင်းတော်၏ ပါဝင်သောအကြောင်းအရာဖြစ်ပြီး၊ ခရစ်တော်၏ ထင်ရှားခြင်းဖြစ်သော ခရစ်တော်၏ပုံမှန်အခြေအနေတွင် အသင်းတော်၏ ပထမအဆင့် ရုပ်ပုံကားချပ်ဖြစ်သည် – ထွ၊၄၀း၃၄–၃၈။ ၉၊ ၃း၁၆–၂၁။

ခ။ ဒုတိယအခြေအနေမှာ ခရစ်တော်မပါသော အသင်းတော်ဖြစ်သည်။ ဤသည်ကို ဘုရားသခင်၏ လူတို့ ကျရှုံးခြင်းကြောင်း တဲတော်မှ သေတ္တာကို သိမ်းပိုက်ခံရပြီး ခွဲသွားစေခြင်းဖြင့် ပုံဆောင်ထားသည်။ တဲတော်သည် အချည်းနှီးဗလာ ဖြစ်လာခြင်းမှာ အသင်းတော်သည် စစ်မှန်ခြင်းနှင့် ခရစ်တော်၏မျက်မှောက်တော် ဆုံးရှုံးစေခဲ့သော ခရစ်ယာန်များ၏ ကျရှုံးမှုများကို ပုံဖော်ထားသည် – ဗျာ၊ ၂း၄–၅။ ၃း၂၀။

ဂ။ တတိယအခြေအနေမှာ အသင်းတော်မရှိဘဲ ခရစ်တော်၏ အခြေအနေ ဖြစ်သည်။ ဤအရာကို တဲတော်မရှိသော သေတ္တာဖြင့် ပုံဆောင်ထားသည်။ ရှေးဦးစွာ ကိရယတ်ယာရိမ်မြို့ အဘိနဒပ်အိမ်၌ အနှစ်နှစ်ဆယ်ကြာ (၁ရှမွေ၊၇း၁–၂)၊ ထို့နောက် ဂိတ္တိလူ ဩဗဒေဒုံအိမ်၌ သုံးလပတ်လုံး (၂ရှမွေ၊၆း၁၀–၁၂) သေတ္တာတော်သည် တဲတော်နှင့် သီးခြားရှိနေခဲ့သည်။ အသင်းတော်သမိုင်းက ဒုတိယရာစုမှ ယနေ့အချိန်အထိ ဩဗဒေဒုံအများအပြား ရှိခဲ့ကြောင်း ဖော်ပြနေသည်။

ဃ။ စတုတ္ထအခြေအနေမှာ ခရစ်တော် လုံလောက်မှုမရှိသော အသင်းတော်ဖြစ်သည်။ ဒါဝိဒ်သည် ယေရုရှလင်မြို့တွင် သေတ္တာအတွက် တဲတစ်ဆောင်ကို ပြင်ဆင်ခဲ့သော်လည်း၊ ၎င်းသည် မောရှေအား ဘုရားသခင် ဖွင့်ပြသည့်ပုံစံအတိုင်း မဟုတ်ခဲ့ပေ။ ခရစ်ယာန်များစွာတွင် လုံလောက်မှုမရှိသော အသင်းတော်နှင့်အတူ သေတ္တာ – ခရစ်တော် – ကို ရရှိထားကြသည် – အငယ်၊ ၁၇။ ၁ရာ၊ ၁၅း၁–၂။ ၂ရာ၊၁း၄။ ထွ၊၂၅း၉။

င။ ပဉ္စမအခြေအနေမှာ ခရစ်တော်၏ မှန်ကန်သော အသင်းတော် ဖြစ်သည်။ ဤအရာကို ဗိမာန်တော်အဖြစ် ကြီးမားကာ၊ တိုးပွားခဲ့သော သင့်လျော်သည့် တဲတော်နှင့်အတူရှိသော သေတ္တာဖြင့် ပုံဆောင်ထားသည်။ ဤအခြေအနေ – ကိုယ်တော်၏ ထင်ရှားခြင်း တည်းဟူသော မှန်ကန်သင့်လျော်သည့် အသင်းတော်နှင့်အတူ ခရစ်တော် – တွင် ကျွန်ုပ်တို့သည် အိမ်၌ရှိနေကြကြောင်း အပြည့်အဝခံစားကြရသည် – ဆာ၊၉၀း၁–၂။ ၉၁း၁–၁၄။ ၉၂း၁၂–၁၅။ ၁၃၂း၅၊ ၈။ ၁ရာ၊ ၂၈း၁၁–၂၀။ ၂ရာ၊၃း၁။

© 2021 Living Stream Ministry